မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June , 2026 Volume 103 , Number 3

**၃.၆.၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၈.၂၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၇.၈၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၃.၆၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၀၄.၁၃ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၀၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၇.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၅.၆၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၀၆ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်ပတင်ပို့နေသည့် လယ်ယာပို့ကုန်အချို့ ဈေးမာ




အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်မှု၊ လောင်စာဆီဈေးနှုန်းကြောင့် ကုန်စည်ပို့ဆောင်ခများ တိုးမြှင့်မှုတို့က ကုန်သွယ်ရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများရှိနေသည်။

ထိုအခြေအနေက ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီးနှစ်နိုင်ငံဖြစ်သည့် အိန္ဒိယ၊ တရုတ်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်းများစွာနှင့် ကုန်သွယ်နေသည့် မြန်မာနိုင်ငံအနေဖြင့်လည်း ရှောင်လွှဲမရပေ၊ ထို့ကြောင့် ပဲ၊ ပြောင်း၊ နှမ်းစသော လယ်ယာပို့ကုန်များ၏ ဈေးနှုန်းများက အချိန်နှင့်အမျှ ပြောင်းလဲနေသည်။

**မတ်ပဲနှင့် ပဲတီစိမ်းဈေး အပြောင်းအလဲ**

အိန္ဒိယနိုင်ငံအတွင်း စားသုံးမှုများသည့်မတ်ပဲသည် ယခုရက်သတ္တပတ် မြန်မာနိုင်ငံဈေးကွက်တွင် ဈေးကျသော်လည်း အိန္ဒိယဈေးကွက်တွင် ဈေးတက်ရန် အားယူနေသည်၊ ယခုရက်သတ္တပတ် မေလ ၂၅ ရက်မှ ၂၇ ရက်အတွင်း (IPGA– India Pulses and Grains Association )၏ ဈေးနှုန်းဖော်ပြချက်အရ အိန္ဒိယဈေးကွက်တွင် မြန်မာမတ်ပဲ CNF (Cost and Freight )ဈေးက မတ်ပဲ (FAQ )အမျိုးအစား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀ မှ ၈၁၀ သို့ ဈေးပြောင်းသွားသည်၊ မတ်ပဲ SQ မှာ တစ်တန်လျှင် ဒေါ်လာ ၈၉၀ ဖြင့် ဈေးငြိမ်နေပြီး ဘရာဇီးမတ်ပဲက တစ်တန်လျှင် ဒေါ်လာ ၈၆၀ ဈေးဖွင့်သည်။

မြန်မာနိုင်ငံဈေးကွက်တွင် မတ်ပဲ FOB ဈေးနှင့် ပြည်တွင်းဈေးက အကျဘက်သို့ ဦးတည်နေသည်၊ မတ်ပဲ ပြည်ပရောင်းချသည့် FOB (Freight on Board) ဈေးက မတ်ပဲ (FAQ) တစ်တန်လျှင် ဒေါ်လာ ၇၆၅ –၇၇၅ မှ ၇၆၀ – ၇၇၀ သို့လည်းကောင်း၊ မတ်ပဲ (SQ)

တစ်တန်လျှင် ဒေါ်လာ ၈၅၀ – ၈၆၀ မှ ၈၄၅ – ၈၅၅ သို့လည်းကောင်း ဈေးပြောင်းသွားသည်။

မတ်ပဲ ပြည်တွင်းဈေးကလည်း မတ်ပဲ (FAQ )တစ်တန်လျှင် ကျပ် ၃,၀၆၀,၀၀၀ မှ ၃,၀၅၆,၀၀၀ သို့ ဈေးပြောင်းပြီး မတ်ပဲ (SQ) တစ်တန်လျှင် ကျပ် ၃,၃၈၀,၀၀၀ မှ ၃,၃၆၀,၀၀၀ သို့ ဈေးပြောင်းသွားသည်။

ထို့ပြင် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေသည့် ပဲတီစိမ်းသည် ယခုရက်သတ္တပတ်တွင် ပြည်တွင်းပြည်ပ ဝယ်လိုအားပျော့ပြီး ဈေးလည်း ကျဆင်းနေသည်၊ ရန်ကုန်ဈေးကွက်တွင် ပဲတီစိမ်း (FOB) ဈေးက တစ်တန်လျှင် ဒေါ်လာ ၃၀ မှ ၈၀ အကြား ဈေး ကျဆင်းသွားသည်၊ ပဲတီစိမ်းအညာ(FAQ) တစ်တန်၏ FOB ဈေးက ဒေါ်လာ ၈၉၀ – ၉၀၀ မှ ၈၆၀ – ၈၇၀ သို့ ဈေးပြောင်းသွား ပြီး ပဲတီစိမ်းရွှေဝါ (FAQ) တစ်တန်၏ FOB ဈေးက ဒေါ်လာ ၁၀၄၀ – ၁၀၅၀ မှ ၉၆၀ – ၉၇၀ သို့ ဈေးပြောင်းသွားသည်။

ပဲတီစိမ်း ပြည်တွင်းဈေးက ပဲတီစိမ်း အညာ တစ်ပိဿာလျှင် ကျပ် ၅၅၀၀ – ၅၅၂၀ မှ ၅၂၅၀ – ၅၂၇၀ သို့လည်းကောင်း၊ ပဲတီစိမ်း ခရမ်း၊ ပဲခူး ရွှေဝါ တစ်ပိဿာလျှင် ကျပ် ၆၁၆၅ မှ ၆၀၀၀ ကျပ်သို့လည်းကောင်း၊ ပဲတီစိမ်း ဝါးခယ်မ FAQ တစ်ပိဿာ လျှင် ကျပ် ၅၃၃၀ – ၅၃၅၀ မှ ၅၂၅၀ – ၅၂၇၀ သို့လည်းကောင်း ဈေးပြောင်းသွားသည်၊ ထို့ပြင် မန္တလေးဈေးကွက်တွင်လည်း ပဲတီစိမ်း (အညာ) သစ်တစ်တန်လျှင် ကျပ် ၃,၅၉၀,၀၀၀ ကျော်မှ ၃,၂၆၀,၀၀၀ ကျပ်သို့ ဈေးပြောင်းသွားသည်။

**ဈေးမာလာသည့် ပဲစင်းငုံနှင့် ပြောင်း**

အိန္ဒိယအစိုးရက ပြည်တွင်းစားနပ်ရိက္ခာအတွက် ပဲစင်းငုံ လုံလောက်စွာစုဆောင်းထားသည်ဆိုသည့် သတင်းစကားနှင့်အတူ အိန္ဒိယပြည်တွင်းဈေးကွက်တွင် မြန်မာ့ပဲစင်းငုံဈေး ငြိမ်နေသည်၊သို့သော် မြန်မာနိုင်ငံဈေးကွက်တွင် ပဲစင်းငုံဈေးက အနည်းငယ် လှုပ်ခတ်နေသည်။

အိန္ဒိယဈေးကွက်တွင် ပဲစင်းငုံ CNF ဈေးက မြန်မာ့ပဲစင်းငုံတစ်တန်လျှင် ဒေါ်လာ ၈၃၀ – ၈၃၅ မှ ၈၄၀ အတွင်း ဈေးဖွင့် ထားသည်၊ မိုဇမ်ဘစ်ပဲစင်းငုံက တစ်တန်လျှင် ဒေါ်လာ ၆၂၀ – ၆၃၀၊ ဆူဒန်ပဲစင်းငုံက တစ်တန်လျှင် ဒေါ်လာ ၈၂၆ ဈေးဖွင့်သည်။

မြန်မာနိုင်ငံတွင် ပဲစင်းငုံ FOB ဈေးက တစ်တန်လျှင် ၁၀ ဒေါ်လာခန့် ဈေးမြင့်တက်သော်လည်း ပြည်တွင်း ပဲစင်းငုံဈေးက အတက်အကျနှင့် အပြောင်းအလဲ အနည်းငယ်ရှိနေသည်။

ယခုရက်သတ္တပတ် ရန်ကုန်ဈေးကွက်တွင်ပဲစင်းငုံ FOB ဈေးက ပဲစင်းငုံ (နီ) 2024 –2025 Crop တစ်တန်လျှင် ဒေါ်လာ၇၃၀ – ၇၄၀ မှ ၇၄၀ – ၇၅၀ သို့လည်းကောင်း၊ ပဲစင်းငုံ (နီ) 2025 –2026 တစ်တန်လျှင် ဒေါ်လာ ၇၆၀ –၇၇၀ မှ ၇၇၀ – ၇၈၀ သို့လည်း ကောင်း ဈေးပြောင်းလာသည်။

ပဲစင်းငုံ (နီ) ပြည်တွင်းဈေးက တစ်တန်လျှင် ကျပ် ၃,၁၄၀,၀၀၀ မှ ၃,၁၂၂,၀၀၀ သို့ ဈေးကျပြီး ကျပ် ၃,၁၄၀,၀၀၀ သို့ ဈေးပြန်မြင့်တက်လာသည်၊မန္တလေးဈေးကွက်တွင် ပဲစင်းငုံ (နီ) တစ်တန်လျှင် ကျပ် ၂,၉၅၀,၀၀၀ ကျော်ဖြင့် ဈေးဖွင့်ထားသည်။

ထို့ပြင် ထိုင်းနိုင်ငံ၏ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းဝယ်ယူမည့် သတ်မှတ်ချိန် ကုန်ဆုံးရန် နီးကပ်လာသဖြင့် ဝယ်လိုအား ကောင်းနေပြီး ပြည်တွင်းပြည်ပဈေးလည်း ထပ်မံမြင့်တက်လာသည်၊ ယခုရက်သတ္တပတ် ရန်ကုန်ဈေးကွက်တွင် ပြောင်း FOB ဈေးက တစ်တန်လျှင် ဒေါ်လာ ၂၇၅ – ၂၈၅ မှ ၂၈၀ – ၂၉၀ သို့ ဈေးပြောင်းသွားသည်၊ ပြည်တွင်းပြောင်းဈေးကလည်း ဆက် လက်မြင့်တက်နေပြီး ပြောင်းတစ်ပိဿာလျှင် ၁၈၃၀ –၁၈၅၀ ကျပ်မှ ၁၈၈၀ –၁၉၀၀ ကျပ်သို့ ဈေးပြောင်းသွားသည်။

ယခုရက်သတ္တပတ် မန္တလေးဈေးကွက်တွင် ရှမ်းပြောင်းတစ်တန်လျှင် ကျပ် ၉၅၀,၀၀၀ ကျော်မှ ၉၆၃,၀၀၀ ကျော်သို့ ဈေးပြောင်းသွားသည်၊သို့သော် CP ပြောင်းသစ်တစ်တန်လျှင် ကျပ် ၉၈၆,၀၀၀ ကျော်၊ အထွက် တိုးပြောင်းနီတစ်တန်လျှင် ကျပ် ၁,၉၆၀,၀၀၀ ကျော်ဖြင့် ဈေးငြိမ်နေသည်။

**ဆီထွက်သီးနှံ ဈေးအပြောင်းအလဲ**

ဆီထွက်သီးနှံဖြစ်သည့် နှမ်းသည် တရုတ်ကုန်သည်များ၏ ဝယ်လိုအားပျော့နေပြီး ပြည်တွင်းလုပ်ငန်းသုံး အတွက်သာ ဝယ်လိုအားရှိနေသည်၊ထို့ကြောင့် နှမ်း FOB ဈေးငြိမ်နေပြီး အမျိုးအစားအလိုက် ပြည်တွင်းဈေး ကျဆင်းနေသည်၊ ရန်ကုန် ဈေးကွက်၏ နှမ်း FOB ဈေးက အမျိုးအစားအားလုံးနီးပါး ဈေးငြိမ်နေသည်၊ နှမ်းနက် (စမုန်) က တစ်တန်လျှင် ဒေါ်လာ ၂၃၀၀ –

၂၃၉၀၊ နှမ်းဖြူက တစ်တန်လျှင် ဒေါ်လာ ၁၃၇၅ -၁၃၈၅၊ နှမ်းညိုက တစ်တန်လျှင် ဒေါ်လာ ၁၃၃၀ -၁၃၄၀ ဈေးဖွင့်သည်။

ပြည်တွင်းနှမ်းဈေးက အမျိုးအစားအလိုက် ဈေးနှုန်းအပြောင်းအလဲ အနည်းငယ်ရှိနေသည်၊ ယခုရက်သတ္တပတ် မန္တလေး ဈေးကွက်တွင် နှမ်းနက် (စမုန်)က ဈေးအနည်းငယ် မြင့်တက်နေသည်၊ နှမ်းနက် (စမုန်) တစ်တန်လျှင် ကျပ် ၈,၄၃၀,၀၀၀ ကျော် မှ ၈,၅၇၀,၀၀၀ ကျော်သို့ ဈေးမြင့်တက်လာသည်၊ သို့သော် နှမ်းဖြူ (ဗမာ) တစ်တန်လျှင် ကျပ်သိန်း ၅၀ ကျော်မှ ၄,၈၉၀,၀၀၀ ကျော်၊ နှမ်းဖြူ (ဂျပန်) တစ်တန်လျှင် ကျပ် ၅၁ သိန်းကျော်မှ ကျပ်သိန်း ၅၀ ကျော်၊ နှမ်းညို (သစ်) တစ်တန်လျှင် ကျပ်သိန်း ၅၀ ကျော်မှ ၄,၉၆၀,၀၀၀ ကျော်သို့ ဈေးပြောင်းသွားသည်။

ဆီထွက်သီးနှံနောက်တစ်မျိုးဖြစ်သည့် မြေပဲသည် ပြည်ပဝယ်လိုအားပျော့ခြင်းကြောင့် FOB ဈေးကျလာသည်၊ ရန်ကုန် ဈေးကွက်တွင် မြေပဲ (လုံးဆန်) ၏ FOB ဈေးက တစ်တန်လျှင် ဒေါ်လာ ၉၀ ကျဆင်းသွားသည်၊ မြေပဲ (လုံးဆန်) FOB တစ်တန် လျှင် ဒေါ်လာ ၁၈၀၅ - ၁၈၁၅ မှ ၁၇၁၅ - ၁၇၂၅ သို့ ဈေးပြောင်းသွားသည်။

မန္တလေးဈေးကွက်တွင် မြေပဲ S1 (လုံးဆန်) က တစ်တန်လျှင် ကျပ် ၆,၅၅၀,၀၀၀ ကျော်မှ ၆,၇၃၀,၀၀၀ ကျော်သို့ ဈေး ပြောင်းပြီး၊ S1 (ဆီဆန်)က တစ်တန်လျှင် ကျပ် ၆,၇၃၀,၀၀၀ ကျော်မှ ၆,၁၂၀,၀၀၀ ကျော်သို့ ဈေးကျသွားသည်၊ မြေပဲအနီ (လုံးဆန်)က တစ်တန်လျှင် ကျပ် ၆,၄၃၀,၀၀၀ ဖြင့် ဈေးငြိမ်နေသည်။

**Source : Exclusive content for Myanma Awba Group**

## ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ရန် တစ်လသာကျန်ရှိတော့ချိန်တွင် ပြောင်းတင်ပို့မှု ကောင်းနေ



ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ရန် တစ်လသာ ကျန်ရှိတော့ ချိန်တွင် ပြည်တွင်းပြောင်းတင်ပို့မှု ကောင်းနေကြောင်း ပြောင်း ကုန်သည်များထံမှ သိရသည်။

ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းတင်ပို့မှုမှာ လာမည့် ဇွန်လကုန်တွင် ပြီးဆုံးတော့မည်ဖြစ်ရာ လက်ရှိ အချိန်တွင် ပြောင်းတင်သင်္ဘောများဖြင့် တင်ပို့မှုကောင်းနေ ကြောင်းပြောင်းကုန်သည်များက ပြောသည်။

"ဇွန်လကုန်ရင် ပြောင်းတင်ပို့မှုရပ်သွားမှာဖြစ်လို့ အခုချိန်မှာ ပြောင်းသင်္ဘောတွေ အလုအယက်တင်ပို့နေကြပါတယ်၊ ပြောင်းတင်ပို့မှု ရက်ထပ်တိုးဖို့ကလည်း မသေချာတော့ ရန်ကုန်ဆိပ်ကမ်းတွေမှာ ပြောင်းကို အမြန်တင်နေကြပါတယ်၊ လက်ရှိမှာ သီလဝါ ဆိပ်ကမ်းပေါက်ဈေးက ပြောင်း တစ်ပိဿာကို ငွေကျပ် ၁၉၅၀၊ ရန်ကုန်မြို့ထဲ ဆိပ်ကမ်းတွေကတော့ ပြောင်းတစ်ပိဿာ ငွေကျပ် ၁၉၂၀ -၁၉၃၀ ပေါက်ဈေးရှိပါ တယ်၊ ရန်ကုန်ဈေးကွက်မှာ တော့ ဈေးကောင်းနေပေမဲ့ နယ်ဈေးကွက်ကတော့ ပုံမှန် ဈေးကွက်သာရှိပါတယ်"ဟု ၎င်းက ပြောသည်။

ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းတင်ပို့မှုကို ပင်လယ်ရေကြောင်းမှ သာတင်ပို့ နေရာမှ မေလကုန်ပိုင်းတွင် နယ် စပ်ကုန်သွယ်ရေးလမ်းကြောင်း တာချီလိတ်မှလည်း အနည်းငယ် ပြန်လည်တင်ပို့နေပြီဖြစ်သည်။

ထိုင်းနိုင်ငံမှ ပြောင်းလိုအပ်ချက်ရှိနေပြီး မြန်မာပြောင်းဝယ်ယူမှုတိုးလာနိုင်သဖြင့် ပြောင်း တင်ပို့မှုကာလနောက်ပိုင်း နယ်စပ် မှတင်ပို့မှု ဆက်လက်ရှိလာနိုင်ကြောင်း ပြောင်းကုန်များက သုံးသပ်ထားသည်။

မေ ၃၀ ရက်တွင် ပြည်တွင်းပြောင်းရောင်းချသည့် FOB ပြောင်းတစ်တန်လျှင် ဒေါ်လာ ၂၇၀ ကျော်မှ ၂၈၅ ကျော်ထိ ပေါက် ဈေးရှိလာပြီး ရန်ကုန်ဆိပ်ကမ်းဈေး ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၁၉၂၀ -၁၉၅၀ ထိ ဈေးမြင့်တက်လာသည်။

မန္တလေးပြောင်းဈေးကွက်တွင် ပြောင်း (ရှမ်း )၅၄ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၈၄,၀၀၀ -၈၅၀၀၀၊ ပြောင်း( စီပီ ) ၈၆,၀၀၀ -၈၇,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## မုံရွာမြို့နယ်တွင် ဂန္ဓမာပန်းစိုက်ပျိုးဖြစ်ထွန်း၍ ဈေးကောင်းရရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ နဂါးတွင်းကျေးရွာ၊ ပေါက်ပင်ကျေးရွာ၊ ညောင်ဖြူပင်ကျေးရွာများတွင် ဂန္ဓမာပန်းများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုပုံစံအနေဖြင့် မြေဘောင်တင်စနစ်၊ မြေအောက်ရေတင်စနစ်တို့ဖြင့် စိုက်ပျိုးကာ မြေအကျယ်အဝန်း ပေ ၄၀ ပတ်လည်တွင် အပင်အရေအတွက် ၄၀၀၀- ၅၀၀၀ ခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဂန္ဓမာပန်းကို မေလတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး ၄ လအကြာ အောက်တိုဘာလတွင် ခူးဆွတ်ရောင်းချကြောင်း၊ မျိုးအနေဖြင့် ဂန္ဓမာပန်း အဖြူ အဝါမျိုးကို ယခင်နှစ် စိုက်ပျိုးပြီးအညွန့်ကိုဖြတ်၍ စိုက်ပျိုးခြင်းနှင့် ကိုင်းကိုဖြတ်၍ ကျန်သည့်အမြစ်ပါသော ကိုင်းများကို ပျိုးထောင်၍လည်း စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ပန်းပင်များကို ၅ ရက် ၇ ရက်ခြားတစ်ကြိမ် ပိုးသတ်ဆေးဖြန်းပေးရပြီး ဂန္ဓမာပန်း စိုက်ပျိုးကုန်ကျစရိတ်အနေဖြင့် မြေဘောင်တင်ခြင်း၊ မြေပြုပြင်ခြင်း၊ သွင်းအားစု၊ ရေတင်သွင်းခြင်း၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ဂန္ဓမာပန်း အရောင်းအဝယ်ဖြစ်သည့် ဈေးအနေဖြင့် ယခင်နှစ်က တစ်စည်းလျှင် ၁၅၀၀ ကျပ် ရရှိခဲ့ပြီး ယခုနှစ်တွင် ဂန္ဓမာ ပန်းဖြူအဝါသေး ၁၀ ပွင့်ပါ တစ်စည်းလျှင် ၂၅၀၀ ကျပ်၊ အဖြူ အဝါအပွင့်ကြီး ၁၀ ပွင့်ပါ တစ်စီးလျှင် ၃၅၀၀ ကျပ်ဖြင့် ရောင်းချရကြောင်း၊ ဂန္ဓမာပန်းပင်ကို တစ်ခါ စိုက်ပျိုးပြီး ပြုစုပျိုးထောင်မှုကောင်းမွန်လျှင် သုံးသားအထိ ချိုးယူခူးဆွတ်နိုင်ပြီး ပန်းစပွင့်သည်မှ ၄ ရက်ခြားတစ်ကြိမ် ခူးဆွတ်နိုင်ကြောင်း၊ ဈေးကောင်းရရှိပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် သိန်း ၂၀ ကျော်ခန့်ရရှိကြောင်း၊ ပန်းအဝယ်ဒိုင်များက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် မုံရွာမြို့ရှိ ပန်းဈေးကွက်များသို့ ပြန်လည်၍ တင်ပို့ရောင်းချကြကြောင်း သိရသည်။

**Source : DOCA(စစ်ကိုင်း)**

## စိုက်ပျိုးရေး ချေးငွေကို ငွေသားတစ်ဝက်၊ Mobile Banking တစ်ဝက်ပေးမည့်စနစ် Pilot Project အနေဖြင့် တောင်သူလယ်သမား ဦးရေ ရှစ်သောင်းခန့်ကိုဆောင်ရွက်ပေးနေ



စိုက်ပျိုးရေးချေးငွေကို ငွေသား တစ်ဝက်၊ Mobile Banking တစ်ဝက်ပေးမည့်စနစ် Pilot Project အနေဖြင့် တောင်သူလယ်သမားဦးရေ ရှစ်သောင်းခန့်ကိုဆောင်ရွက်ပေးနေကြောင်းသိရသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝှမ်းလုံး ရှိတောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးရေးဆိုင်ရာအရင်းအနှီးများရရှိစေရန် နှစ်စဉ်စိုက်ပျိုးစရိတ် ချေးငွေများနှင့် ဖွံ့ဖြိုးရေးချေးငွေများကို နိုင်ငံတော် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ သက်သာသော အတိုးနှုန်းဖြင့် ပံ့ပိုးထုတ်ချေးပေးနေခြင်းဖြစ်သည်။

ယင်းသို့ဆောင်ရွက်သည့်အနက် အစိုးရအဖွဲ့သစ်၏ ရက်ပေါင်း ၁၀၀အတွင်း ဦးစားပေးဆောင်ရွက်မည့် ကိစ္စရပ်များတွင် တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးမည့် အစီအစဉ်နှင့် လယ်ယာသုံးစက်ကိရိယာ ချေးငွေများထုတ်ချေးမည့်အစီအစဉ်တို့ပါဝင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးပေးသော ချေးငွေများကို တောင်သူလယ် သမားများထံ ပေးအပ်ရာတွင် ငွေသား ၅၀ ရာခိုင်နှုန်း ၊ KBZPay ၅၀ ရာခိုင်နှုန်းဖြင့် ပေးအပ်မည့် Pilot Project လည်းပါဝင်ကြောင်း သိရသည်။

ထိုသို့ချေးငွေများ ထုတ်ချေးပေးရာတွင် တစ်ကေလျှင် ၃ သိန်းကျပ်နှုန်းဖြင့်ထုတ်ချေးပေးခြင်းဖြစ်ပြီး ယင်းချေးငွေကို ငွေသား တစ်ဝက်၊ Mobile Banking တစ်ဝက် ပေးမည့်စနစ် Pilot Project အဖြစ် ရန်ကုန်တိုင်းဒေသကြီးရှိ သန်လျင် မြို့နယ်၊ ထန်းတပင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ ပြင်ဦး လွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ် စသည်ဖြင့် တိုင်းနယ်နှင့် ပြည်နယ် ၅ ခုမှ မြို့နယ်အချို့တွင် စတင် ဆောင်ရွက်နေခြင်းဖြစ်ကာ တောင်သူလယ်သမား ရှစ်သောင်းခန့်ကို အဆိုပါအစီစဉ်ဖြင့် ချေးငွေ ပေးနိုင်ရန်ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုအစီစဉ်တွင် KBZ ဘဏ်သည် ယင်းချေးငွေပေးရေးအစီစဉ်အတွက် ပထမဆုံးပါဝင်လာသည့် ဘဏ်ဖြစ်ကြောင်း မြင်တွေ့ ရပြီး ကမ္ဘောဇဘဏ်နှင့် KBZPay သည် လုပ်ငန်းစဉ်တွင် ပါဝင်သော တောင်သူ၊ လယ်သမားများနှင့် အေးဂျင့်များအပါအဝင် အဖွဲ့ အစည်းအားလုံးအတွက်လိုအပ်သော သင်တန်းများကို စီစဉ်ပေးထားကာ အမှန်တကယ်လိုအပ်ချက်များကို သိရှိနားလည် အကောင်ထည်ဖော်ဆောင်ရွက် နိုင်စေရန် ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယခုကဲ့သို့ တောင်သူလယ်သမားများအတွက် ချေးငွေပေးအပ်သောအစီစဉ်သည် အဆင်ပြေသောစနစ်တစ်ခုဟု မြင်ကြောင်း စီးပွားရေးကျွမ်းကျင်သူတစ်ဦးကပြောသည်။

အစောပိုင်းမှာ ဖုန်းနဲ့ငွေလွှဲတာ အဆင်မပြေဘူးဆိုရင်တောင်မှ နောက်ကျရင် အဆင်ပြေလာမှာပါ၊ အခုနောက်ပိုင်းက Mobile banking သုံးတဲ့သူကလည်း များလာတယ်လေ၊ ခေတ်က တစ်ဖြည်း ဖြည်းနဲ့ ပြောင်းလဲလာတာမို့လို့ ဖုန်းနဲ့ ငွေပေးချေတာလည်း အသုံးများလာတယ်၊ နောက်တစ်ခုက ကိုယ့်အထဲကို ချေးငွေဝင်လာပြီဆိုရင် ဟိုအထိ သွားထုတ်စရာ လယ်ယာသုံးပစ္စည်းဝယ် မယ်ဆိုရင်လည်း ဖုန်းကနေတစ်ဆင့် ငွေပေးချေလို့ရတာလေ၊ ဒါကြောင့် အဆင်ပြေတဲ့စနစ်တစ်ခု ဖြစ်တယ်" ဟု ၎င်းကဆိုသည်။

မြို့ပြနှင့် ကျေးလက်ဒေသများတွင် Mobile banking များ တွင်ကျယ်လာနေသည်ကို တွေ့မြင်ရပြီး ယင်းစနစ်ဖြင့် စိမ်း နေသည့်တိုင် နောင်တွင်တောင်သူလယ်သမားများအနေဖြင့် အသုံးပြုရာတွင် အကျွမ်းတဝင်ဖြစ်လာမည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

"ရအောင်တော့ သုံးဖို့တိုက်တွန်းချင်တယ်၊ ဘာလို့လဲဆိုတော့ ခေတ်အခြေအနေအရ အိမ်တိုင်းမှာ မရှိဘူးဆိုရင်တောင် ဖုန်း တစ်လုံးတော့ ရှိမှာပဲလေ၊ Mobile banking စနစ်က အများကြီး အဆင်ပြေသွားမှာပါ"ဟု ၎င်းကပြောသည်။

**Source : https://www.npnewsmm.com/**

## ညှော်မထဆန် မနောသုခ (ဟောင်း)၊ ညှော်မထဆန်မနောသုခ(သစ်)၊ ပေါ်ဆန်းမွှေး(ဟောင်း)နှင့်(သစ်)၊ ဆန်ကွဲ (B1,2) (B2,3,4)နှင့် ဖွဲနုတို့မှာ ဈေးငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါး လက်ကျန်အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၂၆.၅.၂၀၂၆ရက်နေ့တွင် ညှော်မထဆန်(ဟောင်း)တစ်အိတ် ၇၉,၀၀၀ ကျပ်၊ ညှော်မထဆန် (သစ်) တစ်အိတ် ၈၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၂၀,၀၀၀

ကျပ်၊ ဆန်ကွဲ (B1,2)တစ်အိတ် ၅၃,၀၀၀ ကျပ်၊ ဆန်ကွဲ (B2,3,4)တစ်အိတ် ၅၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၆၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

၁.၆.၂၀၂၆ ရက်နေ့တွင် ဧည့်မထဆန်(ဟောင်း)တစ်အိတ် ၇၉,၀၀၀ ကျပ်၊ ဧည့်မထဆန်(သစ်)တစ်အိတ် ၈၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ဆန်ကွဲ ( B1,2 ) တစ်အိတ် ၅၃,၀၀၀ ကျပ်၊ ဆန်ကွဲ (B2,3,4) တစ်အိတ် ၅၀,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၇,၆၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်ခဲ့သည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန် မနောသုခ(ဟောင်း)၊ ဧည့်မထဆန် မနောသုခ (သစ်)၊ ပေါ်ဆန်းမွှေး (ဟောင်း) ၊ ပေါ်ဆန်းမွှေး(သစ်)၊ ဆန်ကွဲ (B1,2)(B2,3,4)နှင့် ဖွဲနုတို့မှာ ဈေးငြိမ်လျက်ရှိကြောင်း ပဲခူးကုန်စည်ဒိုင်မှ သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဗီယက်နမ်နဂါးမောက်သီး ၁ ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၁ ဆင့်သို့ ဈေးကျဆင်း



ဗီယက်နမ်အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ထုတ်လုပ်မှုရုတ်တရက်မြင့်တက်လာခြင်းနှင့် ဝယ်လိုအားနည်းခြင်းတို့ကြောင့် နဂါးမောက်သီးဈေးများ တစ်ကီလိုဂရမ်လျှင် ဗီယက်နမ် ဒေါင် ၃,၀၀၀ (အမေရိကန်ဒေါ်လာ ၁၁ ဆင့် )အထိ ကျဆင်းကာ တောင်သူများ အရှုံးပေါ်နေရသည်။

ဗဟိုကုန်းမြင့်ဒေသရှိ Lam Dong ပြည်နယ်မှ တောင်သူတစ်ဦးဖြစ်သူ Luong သည် စတုရန်းမီတာ ၄,၀၀၀ ကျယ်ဝန်းသောခြံရှိ ခူးဆွတ်ပြီးသား နဂါးမောက်သီးများကို တစ်ကီလို ဂရမ်လျှင် ဗီယက်နမ်ဒေါင် ၃,၀၀၀မှ ၈,၀၀၀ ဖြင့် ရောင်းချနေသော်လည်း အရောင်းအဝယ်လုပ်မည့်သူ အနည်းငယ်သာရှိကြောင်း၊ ၎င်းအနေဖြင့် အမြတ်ရရှိရန်အတွက် တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၀,၀၀၀ သို့မဟုတ် ယခုထက်ပို၍ ရောင်းချရမည်ဖြစ်ကြောင်း၊ ထို့ပြင် ယခု နှစ်အစကတည်းက ဈေးနှုန်းများမှာ ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ် တောင်ပိုင်းဒေသ Dong Thap ပြည်နယ်မှ တောင်သူတစ်ဦးဖြစ်သူ Hanh က နဂါးမောက်သီးကို တစ်ကီလိုဂရမ်လျှင် ဒေါင် ၈,၀၀၀ မှ ၁၂,၀၀၀ ဖြင့် ရောင်းချနေရပြီး ယခုနှစ်တွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးများ ၂၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း မြင့်တက်လာခြင်းကြောင့် ကုန်ကျစရိတ်မကာမိကြောင်း၊ အရင်းကျေဈေးနှုန်း (break even price )များသည် တစ်ကီလိုဂရမ်လျှင် ဒေါင် ၁၃,၀၀၀ မှ ၁၅,၀၀၀ အထက်၌ ရှိရန်လိုအပ်ကြောင်း၊ ဈေးနှုန်းများ ယခုကဲ့သို့ ဆက်တိုက်နိမ့်ကျနေပါက လာမည့်ရာသီအတွက် စိုက်ဧရိယာကို လျှော့ချသွားနိုင်ကြောင်း သိရသည်။

နဂါးမောက်သီး ရောင်းဝယ်ဖောက်ကားသူ Dinh Van Hien က ဈေးနှုန်းကျဆင်းရခြင်း၏ အဓိကအကြောင်းရင်းမှာ စိုက်ပျိုးဒေသအများစုတွင် နဂါးမောက်သီး အထွက်နှုန်းအများဆုံး ရာသီဖြစ်သောကြောင့် ရောင်းလိုအား သိသိသာသာ တိုးလာခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒူးရင်းသီး၊ မင်းကွတ်သီး၊ လိုက်ချီးသီးနှင့် ဆီးသီးကဲ့သို့သော အခြားသီးနှံများလည်း ပေါ်သည့်ရာသီဖြစ်နေခြင်းကြောင့် နဂါးမောက်သီးအတွက်ဝယ်လိုအားကျဆင်းသွားကြောင်း၊Binh Thuan ပြည်နယ် နဂါးမောက်သီး အသင်းဥက္ကဋ္ဌဖြစ်သူ Huynh Canhက နဂါးမောက်သီး ဈေးနှုန်း သိသိသာသာကျဆင်းရခြင်းမှာ အဓိကအားဖြင့် ရောင်းလိုအားများခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း နဂါးမောက်သီးစိုက်ဧရိယာကို တိုးချဲ့ခဲ့ပြီးနောက် ဗီယက်နမ်မှ တရုတ် နိုင်ငံ

သို့ တင်သွင်းမှုများ သိသိသာသာ ကျဆင်းသွားကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံ၏ နဂါးမောက်သီးခူးဆွတ်သည့်ရာသီသည် မေလမှ နိုဝင်ဘာလအထိ ဖြစ်သောကြောင့် ဗီယက်နမ်မှ ထုတ်လုပ်သည့် နဂါးမောက်သီးများနှင့် အပြင်းအထန် ယှဉ်ပြိုင်နေရ ကြောင်း သိရသည်။


စည်းမျဉ်းစည်းကမ်းများ တင်းကျပ်လာခြင်းနှင့် နယ်စပ်တွင် ပို့ကုန်များကို ၃၀ ရာခိုင်နှုန်း စစ်ဆေးမှု ပြုလုပ်ခြင်းတို့ကြောင့် ဗီယက်နမ်၏ ဥရောပသမဂ္ဂသို့ တင်ပို့မှုမှာ အခက်အခဲများ ရင်ဆိုင်နေရပြီး တင်သွင်းနိုင်ငံများ၏ စံနှုန်းများနှင့် ကိုက်ညီသော အရည်အသွေးအကောင်းဆုံး အသီးများသာ ဈေးကောင်းရနိုင်သည်ဟု Canhက ပြောကြားခဲ့သည်။

ဗီယက်နမ်တွင် အဓိကအားဖြင့် အလယ်ပိုင်းနှင့်တောင်ပိုင်းဒေသများ၌ နဂါးမောက်သီး စိုက်ဧရိယာ ၅၅,၀၀၀ မှ ၆၀,၀၀၀ ဟက်တာ ရှိပြီး နှစ်စဉ်ထုတ်လုပ်မှု တန်ချိန် ၁ ဒသမ၄ သန်းခန့်ရှိသည်။

**Source:VnExpressInternational,24May2026**

လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့

## အိန္ဒိယနိုင်ငံတွင် ကုန်စည်အဝင်နည်းပါးမှုကြောင့် ကုလားပဲနှင့် ပဲစင်းငုံဈေးနှုန်းအလားအလာ ကောင်းမွန်



ပြည်တွင်းသို့ ပဲအသစ်များ ဈေးကွက်ဝင်ရောက်မှု လျော့နည်းလာခြင်းနှင့် တင်သွင်းမှုနှေးကွေးလာနိုင်ခြေများ အပေါ် စိုးရိမ်မှုများကြောင့် ကုလားပဲနှင့် ပဲစင်းငုံဈေးနှုန်းများ မကြာမီ ကာလအတွင်း ခိုင်မာစွာတည်ငြိမ်နေနိုင်သော်လည်း မတ်ပဲမှာ သီးနှံသစ်များဈေးကွက်ဝင်ရောက်မှုကြောင့် ဈေးနှုန်း ကျဆင်း နိုင်မည့်ဖိအားရှိနေကြောင်း အိန္ဒိယနိုင်ငံ ပဲမျိုးစုံနှင့် ကောက်ပဲ သီးနှံများ အသင်း IPGA ၏ ပြောကြားချက်အရ သိရသည်။

ကုလားပဲဈေးနှုန်းများသည် ပြည်တွင်းသီးနှံဝင်ရောက်မှု နှေးကွေးလာခြင်းကြောင့် ဈေးနှုန်းအကန့်အသတ်အတွင်း ရှိနေသော်လည်းခိုင်မာသည့်အနေအထားဖြင့်ဆက်လက်တည်ရှိမည်ဟုအဆိုပါအသင်းကခန့်မှန်းထားသည်၊ သွင်းကုန် ဈေးနှုန်း တွက်ခြေ မကိုက်မှုကြောင့်သွင်းကုန်ပိုမိုကျပ်တည်းလာနိုင်ခြင်း၊ရူပီးငွေတန်ဖိုးကျဆင်းခြင်းနှင့် သင်္ဘောပို့ဆောင်စရိတ်မြင့်မားခြင်း တို့အပေါ် စိုးရိမ်ပူပန်မှုများကလည်း ဈေးနှုန်းများကို ဆက်လက် အထောက်အပံ့ဖြစ်စေမည်ဟုလည်း မျှော်လင့်ရသည်၊ အစိုးရ၏ အခြေခံရည်ညွှန်းဈေးနှုန်း MSP ဖြင့် ဝယ်ယူမှုအားကောင်းနေခြင်းမှာလည်း ဈေးကွက်ယုံကြည်မှုကို မြှင့်တင်ပေးနေကြောင်း၊ ကုလားပဲခွဲခြမ်းနှင့် ကုလားပဲမှုန့်အတွက် ဝယ်လိုအားမှာ လက်ရှိအချိန်တွင် အလယ်အလတ်သာရှိသော်လည်း မိုးရာသီ စတင်ပြီးနောက် ပိုမိုကောင်းမွန်လာနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

Indore မြို့တွင် ကုလားပဲဈေးနှုန်းသည် စနေနေ့ကုန်ဆုံးသည့် ရက်သတ္တပတ်အတွင်း ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၂၅၀ မြင့်တက်ကာ ရူပီး ၆,၁၀၀ မှ ၆,၁၅၀ အထိ ရောက်ရှိခဲ့သည်၊ ပြည်တွင်းလက်ကျန်ပမာဏ လျော့နည်းလာခြင်းနှင့် သင်္ဘော ပို့ဆောင်စရိတ်မြင့်မားမှုကြောင့် တင်သွင်းမှုများ ကန့်သတ်ထားဆဲဖြစ်သဖြင့် ပဲစင်းငုံဈေးနှုန်းများလည်း မြင့်တက်လာနိုင် ကြောင်း ခန့်မှန်းထားသည်။

IPGA ၏ အဆိုအရ သီးနှံအများစုမှာ ဈေးကွက်ထဲသို့ ရောင်းချပြီးဖြစ်ကာ ကျန်ရှိသော လက်ကျန်များကို လယ်သမားများနှင့် အစိုးရအဖွဲ့အစည်းများက အဓိကကိုင်ဆောင်ထားကြသည်၊ အယ်နီညိုဖြစ်ပေါ်နိုင်ခြေကြောင့် မိုးရေချိန် ပုံမှန်ထက်နည်းနိုင်မည်ဟု မျှော်လင့်ရခြင်းနှင့် ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၈,၄၅၀ ဖြစ်သည့် အခြေခံရည်ညွှန်းဈေးနှုန်းမြင့်မားခြင်းတို့ကလည်း ဈေးကွက် ယုံကြည်မှုကို ထောက်ပံ့ပေးနေကြောင်း သိရသည်။

မတ်ပဲအနေဖြင့် မဒ္ဒရာပရာဒေ့ရှ်နှင့် ဂူဂျာရတ်ပြည်နယ်များမှ သီးနှံသစ်များ အလုံးအရင်းဝင်ရောက်လာခြင်းနှင့်အတူ အဓိက စားသုံးသည့်ဒေသများတွင် ဝယ်လိုအားလျော့နည်းနေခြင်းတို့ကြောင့် ဈေးနှုန်းကျဆင်းလာနိုင်ကြောင်း သိရသည်။

**Source: Informist, 26 May2026**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

## STOCK EXCHANGE (3.62026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Jun. 2026

Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 22,661 (Shares) | 139,211,250 (MMK) |

**Stock trading**

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 17,000 | +0 | +0.00% | 17,500 | 17,500 | 16,500 | 1,270 | 21,237,500 | 33,109,694 | 562,865 |
| MTSH | 00002 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 3,824 | 30,209,600 | 38,929,150 | 307,540 |
| MCB | 00003 | 11,500 | +0 | +0.00% | 12,000 | 12,000 | 11,500 | 1,201 | 13,911,500 | 10,400,986 | 119,611 |
| FPB | 00004 | 5,700 | +0 | +0.00% | 5,700 | 5,700 | 5,700 | 4,624 | 26,356,800 | 31,144,738 | 177,525 |
| TMH | 00005 | 3,350 | -50 | -1.47% | 3,350 | 3,400 | 3,350 | 42 | 141,050 | 12,823,224 | 42,958 |
| EFR | 00006 | 1,800 | +50 | +2.86% | 1,800 | 1,800 | 1,800 | 4,448 | 8,006,400 | 19,977,223 | 35,959 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 542 | 2,168,000 | 10,497,598 | 41,990 |
| MAEX | 00008 | 4,800 | +0 | +0.00% | 4,800 | 4,900 | 4,800 | 1,210 | 5,830,400 | 23,804,946 | 114,264 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 2nd Jun. 2026

**Today's summary**

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 739.49 | +0.19 | +0.03% | 750.96 | 750.96 | 732.35 | 17,161 | 107,861,250 | 8 | 1,402,712 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 2nd Jun, 2026

| Trading Volume | Trading Value |
|---|---|
| 23,442 (Shares) | 150,551,050 (MMK) |

## Main Board

As of 1:00 pm, 2nd Jun, 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,661 (Shares) | 139,211,250 (MMK) |

| MYANPIX | 739.49 ▲0.19 |
|---|---|
| Total Volume (shares) | 17,161 |
| Total Value (MMK) | 108 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,402,712 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 17,000 | ▲0 |
| MTSH | 00002 | 7,900 | ▲0 |
| MCB | 00003 | 11,500 | ▲0 |
| FPB | 00004 | 5,700 | ▲0 |
| TMH | 00005 | 3,350 | ▼50 |
| EFR | 00006 | 1,800 | ▲50 |
| AMATA | 00007 | 4,000 | ▲0 |
| MAEX | 00008 | 4,800 | ▲0 |

TIR

TIR